"တရုတ်နိုင်ငံ key words ကို သဘောပေါက်နားလည်"

# နိုင်ငံ(၁၆)နိုင်ငံမှ 《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》 အပိုင်း(၂)ကို ပူးတွဲဘာသာပြန်ဆိုပြီး ထုတ်ဝေဖြန့်ချီ

ယခုရက်ပိုင်းတွင် နိုင်ငံ(၁၆)ခုမှ နာမည်ကျော် ဖြန့်ချီရေးအဖွဲ့အစည်းများသည် တရုတ်နိုင်ငံနိုင်ငံခြားဘာသာထုတ်ပြန်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အတူပေကျင်းတွင် 《ရှီကျင့်ဖျင်၏ နိုင်ငံအုပ်ချုပ်ရေး》 အပိုင်း(၂)ကို အဆိုပါနိုင်ငံများဘာသာစကားများဖြင့် 《ရှီကျင့်ဖျင်၏ နိုင်ငံအုပ်ချုပ်ရေး》 အပိုင်း(၂)စာအုပ်ကို အတူပူးပေါင်းဘာသာပြန်ဖြန့်ချီခြင်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ယင်းနိုင်ငံ(၁၆)ခုမှာ အီတလီ၊ ပိုလန်၊ ယူကရိန်း၊ အယ်လ်ဘေးနီးယား၊ ရိုမေးနီးယား၊ ကင်ညာ၊ တာကစ္စတန်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ မွန်ဂိုးလီးယား၊ နီပေါ၊ သီရိလင်္ကာနှင့် အာဖကန်နစ္စတန်တို့ဖြစ်ကြပါသည်။

《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》 အပိုင်း(၂)သည် သမ္မတရှီကျင့်ဖျင်ကိုဗဟိုပြုသည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုသည် ခေတ်သစ်တွင် တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒကို မည်သို့ခိုင်မြဲစွာရပ်တည်လုပ်ဆောင်နေသည်ကို သက်ဝင်လှုပ်ရှားစွာ ဖော်ပြထားသည်။ တရုတ်ကွန်မြူနစ်ပါတီသည် လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုကို တွန်းတင်ရန်နှင့် လူသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုတွန်းဆော်ရန် တရုတ်ဉာဏ်ပညာနှင့် တရုတ်အဆိုပြုလွှာထောက်ပံ့ပေးခြင်းကို ပြည့်ဝစွာဖော်ပြထားသည်။ ရှီကျင့်ဖျင်၏ ခေတ်သစ်တရုတ်နိုင်ငံထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒအတွေးအခေါ်နှင့် ပါတီ၏(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံအတွေးအခေါ်ကို နက်ရှိုင်းစွာလေ့လာသင်ယူနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

ယခု 《ရှီကျင့်ဖျင်၏ နိုင်ငံအုပ်ချုပ်ရေး》 အပိုင်း(၁)သည် ဘာသာစကားပေါင်း(၂၄)မျိုးဖြင့် ထုတ်ဝေဖြန့်ချီခဲ့ပြီး တစ်ကမ္ဘာလုံးတွင် စုစုပေါင်း(၆. ၆)သန်းအုပ်ကို ထုတ်ဝေဖြန့်ချီခဲ့ပြီဖြစ်သည်။

《ရှီကျင့်ဖျင်၏နိုင်ငံအုပ်ချုပ်ရေး》 အပိုင်း(၂)တွင် တရုတ်အင်္ဂလိပ်ဘာသာနှစ်မျိုးအပြင် ပြင်သစ်၊ ရုရှား၊ စပိန်၊ ဂျာမနီ၊ ဂျပန်၊ ပေါ်တူဂီစသည့် ဘာသာစကားများဖြင့်လည်း ဆက်လက်ဖြန့်ချီနေကြောင်း မိတ်ဆက်ခြင်းအရသိရသည်။ တစ်ကမ္ဘာလုံးမှ စာဖတ်ပရိသတ်များအတွက် ရှီကျင့်ဖျင်ခေတ်သစ်တရုတ်နိုင်ငံထူးခြားသည့် ဆိုရှယ်လစ်ဝါဒအတွေးအခေါ်၏ ပြည့်ဝသောအကြောင်းအရာများနှင့် တရုတ်နိုင်ငံထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်လမ်းကြောင်း၊ သီအိုရီ၊ နည်းစနစ်၊ ယဉ်ကျေးမှုများကို ဓမ္မဓိဋ္ဌာန်နားလည်စေကာ တရုတ်နိုင်ငံနှင့်နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးနှင့် နိုင်ငံအုပ်ချုပ်ရေးအတွေ့အကြုံအပြန်အလှန်အတုယူခြင်းကို တွန်းဆော်စေနိုင်ခဲ့ပါသည်။




(ပြည်သူနေ့စဉ်သတင်း)

# ကူမင်းတွင် လန်ချန်းမြစ်–မဲခေါင်မြစ်အထွေထွေတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစင်တာကို စတင်ခဲ့




ယခုရက်ပိုင်းတွင် ကူမင်း၌ လန်ချန်းမြစ်-မဲခေါင်မြစ် (အောက်တွင်'လန်မဲ' ဟု အတိုချုံးခေါ်ဝေါ်သည်။) အထွေထွေတရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစင်တာ စတင်ခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။ ယင်းသည် လန်ချန်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသ ပထမဆုံးအထွေထွေပုံစံတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်သော အစိုးရအကြားနိုင်ငံတကာအဖွဲ့အစည်း တရားဝင်စတင်လုပ်ဆောင်လည်ပတ်ခြင်းကို ပြသလိုက်ခြင်းပင်ဖြစ်ပါသည်။

လန်မဲတရားဥပဒေစိုးမိုးရေးစင်တာ ပထမအတွင်းရေးမှူးချုပ်ကိုတရုတ်နိုင်ငံမှ စေလွှတ်မည်ဖြစ်ပြီး နောက်ထမ်းဆောင်မည့်အတွင်းရေးမှူးချုပ်ကို အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အလှည့်ကျထမ်းဆောင်မည်ဖြစ်ကြောင်း မိတ်ဆက်ခြင်းအရ သိရသည်။ ယင်းစင်တာသည် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အချုပ်အခြာအာဏာနှင့် တရားဥပဒေစည်းကမ်းများကို လေးစားသည့်အခြေခံပေါ်တွင် ဒေသနယ်ပယ်ကာကွယ်မှုကို စုစည်းညှိနှိုင်းခြင်း၊ နိုင်ငံခြားပြစ်မှုကျူးလွန်ခြင်းကို တိုက်ဖျက်ပြီး သတင်းအချက်အလက်များကို ဖလှယ်ကြကာ အထူးထိန်းချုပ်ရေးလှုပ်ရှားမှုကို ပူးတွဲလုပ်ဆောင်ခြင်းစသည်တို့ကို လုပ်ဆောင်ကြမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးစွမ်းဆောင်မှုများကိုခိုင်မာစေပြီး အဖွဲ့ဝင်နိုင်ငံအသီးသီး၏ တရားဥပဒေစိုးမိုးရေးဌာနများအတွက် အရည်အသွေးမြင့်ထိရောက်မှုမြင့်မားသော ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

၂၀၁၁ခုနှစ်မဲခေါင်မြစ် မြစ်ဝှမ်းဒေသတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစနစ် စတင်တည်ထောင်ကတည်းကစပြီး ဒေသအတွင်းနိုင်ငံအသီးသီး၏ တရားဥပဒေစိုးမိုးရေးဌာနများသည် စုစုပေါင်း(၆၅)ကြိမ် ပူးတွဲတရားဥပဒေစိုးမိုးရေး၊ (၄)ကြိမ်မြောက် "လုံခြုံမှုရှိကြောင်း" မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှုကို လုပ်ဆောင်ခဲ့သည်။ မဲခေါင်မြစ်နိုင်ငံတကာ ရေကြောင်းသယ်ပို့ရေး၏လုံခြုံမှုကို ထိရောက်စွာအာမခံပေးခဲ့ပြီး ဒေသလုံခြုံရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။

သတင်းထောက် ရင်ရွှေဖုန်း

# ကူမင်းတွင်(၅)ကြိမ်မြောက် အရှေ့တောင်အာရှကုန်စည်ပြပွဲ ရင်းနှီးခေါ်ဆွေးနွေးပွဲကျင်းပ

ဇန်နဝါရီလ(၅)ရက်နေ့က ကူမင်းတွင် (၅)ကြိမ်မြောက် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက်တရုတ်ကူမင်း သွင်းကုန်ထုတ်ကုန် ကုန်စည်ပြပွဲ (အောက်တွင် တောင်အာရှကုန်စည်ပြပွဲဟု အတိုချုံးခေါ်ဝေါ်) ယူနန်ရှိ နိုင်ငံတော်ပိုင်ဗဟိုလုပ်ငန်းနှင့်ပြည်နယ်ပိုင်နိုင်ငံလုပ်ငန်းရင်းနှီးခေါ်ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ယခုနှစ် တောင်အာရှကုန်စည်ပြပွဲကို ဇွန်လ(၁၂)ရက်နေ့-(၁၈)ရက်နေ့အထိ ကူမင်းတိုင်ချီ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရပါသည်။ ယခုအကြိမ်ပြပွဲခေါင်းစဉ်မှာ " 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု' အတွင်းသို့ရောပါခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်ခြင်းကို တွန်းဆော်ခြင်း"ဖြစ်ပြီး ခေါင်းစဉ်နိုင်ငံဖြစ်သော ဧည့်ရှင်နိုင်ငံပြတိုက်၊ တောင်အာရှတိုက်ပြတိုက်၊ အရှေ့တောင်အာရှတိုက်ပြတိုက်၊ ပြည်ပပြတိုက်၊ ပြည်တွင်းပြတိုက်၊ ခရီးသွားလာရေးပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ ကုန်ကြမ်းသစ်ပြတိုက်စသည့် ပြတိုက်ပေါင်း(၁၉)ခုကို တည်ထောင်မည်ဖြစ်သည်။ ပြသနေရာမှာ(၈၅၀၀)ခုခန့်ရှိပြီး ပြခန်းမျက်နှာပြင်ဧရိယာမှာ(၁.၉)သိန်းစတုရန်းမီတာ ရှိမည်ဖြစ်သည်။

တောင်အာရှကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရမှ ပူးတွဲကျင်းပခြင်းဖြစ်ပြီး တောင်အာရှနိုင်ငံအသီးသီးမှ ကူးသန်းရောင်းဝယ်ရေးအုပ်ချုပ်မှုဌာနများကို အတူပူးတွဲကျင်းပရန် ဖိတ်ခေါ်သော အထွေထွေပုံစံကုန်စည်ပြပွဲဖြစ်သည်။

ယခုနှစ် တောင်အာရှကုန်စည်ပြပွဲကို တိုင်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။ တည်ထားသောပြတိုက်များမှာ ခရီးသွားလာရေးပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ ထုတ်လုပ်ရေးလုပ်ငန်းပြတိုက်၊ ကုန်ကြမ်းသစ်ပြတိုက်၊ အရှေ့တောင်အာရှပြတိုက်၊ ဖွင့်ပွဲခန်းမနှင့် ခေါင်းစဉ်နိုင်ငံဖြစ်သော ဧည့်ရှင်နိုင်ငံပြတိုက်၊ တောင်အာရှတိုက်ပြတိုက်၊ ပြည်ပပြတိုက်၊ တရုတ်ထိုင်ဝမ်ပြတိုက်၊ ပြည်တွင်းပြတိုက်၊ ခေတ်မီနေထိုင်မှုပြတိုက်၊ လျှပ်စစ်စက်ပစ္စည်းပြတိုက်၊ ဇီဝဆေးပညာနှင့် ကျန်းမာရေးပြတိုက်၊ ဆန်းသစ်ယဉ်ကျေးမှုပြတိုက်၊ ပန်းပုအနုပညာပြတိုက်တို့ ပါဝင်ပါသည်။ ပြပွဲကျင်းပစဉ်အခိက အစီအစဉ်များမှာ တရုတ်-တောင်အာရှကော်မာရှယ်ဖိုရမ်၊ တရုတ်-အရှေ့တောင်အာရှကော်မာရှယ်ဖိုရမ်၊ လန်ချန်းမြစ်-မဲခေါင်မြစ် ပူးပေါင်းဆောင်ရွက်ရေးနှင့် မဲခေါင်မြစ်ဒေသခွဲ (GMS) စီးပွားရေးစင်္ကြံ အဆက်တွဲအစီအစဉ်၊ တရုတ်-တောင်အာရှအရှေ့တောင်အာရှThink Tankဖိုရမ်၊တရုတ်-တောင်အာရှ အရှေ့တောင်အာရှနည်းပညာရွှေ့ပြောင်းမှုနှင့် ဆန်းသစ်ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး၊ အာဆီယံတရုတ်ကုန်သည်အစည်းအဝေး၊ ယူနန်-ထိုင်ဝမ်အစည်းအဝေး၊ တရုတ်-တောင်အာရှအရှေ့တောင်အာရှ အနုပညာအထိမ်းအမှတ်သီတင်းပတ်နှင့် လန်မဲအနုပညာပွဲတို့ပါဝင်သည်။

သတင်းထောက်ချူတုံးဟွာ၊ ရှုံးရမ်